

# မိုလိုတော့


အတွဲ–၁ ၊ အမှတ်–၄ ၊ မေ ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန်

f Molotov.to.Read



"ရန်သူ၏အားသာချက်မှာ လက်နက်ဖြစ်သည်။
မိမိတို့၏အားသာချက်မှာ ယုံကြည်ချက်နှင့် လူထုထောက်ခံမှုဖြစ်သည်။
လူထုထောက်ခံမှုမရလျှင် မည်သည့်ပြောက်ကျားတော်လှန်ရေးမျှ အောင်မြင်မှုမရနိုင်။"



ကျားသစ်များ

တောနက်လေလေ
သွေးရဲလေလေပဲ

သစ်ပင်တွေကို
အနှံ့ခံကြ။ ။

● ကိုဘအုန်း

# မြို့ပေါ်ပြောက်ကျားနဲ့ လူထုလုပ်ငန်း

● ကြည်မြအောင် ●



မြို့ပေါ်ပြောက်ကျားနည်းပရိယာယ်တွေကို စဉ်းစားကြတဲ့ အခါ အဓိကကျတဲ့အချက်တချက်က မိသားစု၊ မိတ်ဆွေအပေါင်း အသင်း၊ ဆွေမျိုးသားချင်း၊ အိမ်နီးနားချင်းနဲ့ စစ်ဆင်ရေးလုပ်ရာ ပတ်ဝန်းကျင်က လူထုနဲ့ပတ်သက်လို့ဖြစ်တယ်။ ပြောက်ကျားစစ်

ဆင်ရေးမှာ လူထုမနာဖို့ စဉ်းစားတွက်ချက်ရတယ်။ ရန်သူကတော့ ပြည်သူ ကို ရန်သူလို့ သဘောထားတာမို့ မဲမဲမြင်ရာပစ်တာပဲ။ ကလေးလူကြီး၊ ကျားမ မရွေးဘူး။ ဒါကြောင့် ရန်သူမှာ ဘယ်သူ့ထိထိ ကိစ္စမရှိဆိုတဲ့ အားသာချက်ရှိတယ်။ ဒါ့အပြင် သမားရိုးကျစစ်တပ်၊ ပြည်သူ့စစ်၊ ရဲတပ်ဖွဲ့၊ အရပ်ဝတ် ထလရ၊ သတင်းပေး၊ သူလျှို ဒလန် စသဖြင့် အထောက်အပံ့ အစုံအလင်ရှိတယ်။

ရန်သူနဲ့ ပြောက်ကျားတော်လှန်ရေးသမား မတူတဲ့အချက်တွေက အထောက်အပံ့၊ တက်ကြွမှု၊ လွတ်လွတ်လပ်လပ် ရွေ့ဆောင်ရွေ့ရွက်ပြုနိုင်မှုတွေဖြစ်တယ်။ ရန်သူက ပြည်သူဆီက အဓမ္မလုယူထားတဲ့ ပြည်သူ့ဘဏ္ဍာသုံးပြီးပြည်သူကိုသတ်ဖို့ လက်နက်ခဲယမ်းတွေဝယ်တယ်။ လူသတ်ကောင်တွေကို လစာပေး၊ အခွင့်ထူးတွေပေးထားတယ်။ ပြောက်ကျားရဲဘော်ကတော့ ပြည်သူလူထုရဲ့ သဒ္ဓါတရားနဲ့လှူဒါန်းတဲ့ ထောက်ပံ့မှုကိုရယူပြီး တော်လှန်ရေးလုပ်ရတာဖြစ်တယ်။ ရန်သူက သူ့တကိုယ်ရည် ကြီးပွားချမ်းသာရေးအတွက် စစ်ထဲဝင်ပြီး စစ်ဗျူရိုကရက်လုပ်တယ်။ ပြောက်ကျားရဲဘော်က ယုံကြည်ချက်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ တော်လှန်ရေးလမ်းကို ရွေးတယ်။ ပြောက်ကျားရဲဘော်ရဲ့ ရည်မှန်းချက်က လူထုရဲ့ နိုင်ငံရေးအရ လွတ်လပ်မှုနဲ့ လူမှုစီးပွားရေး တရားမျှတမှုတွေဖြစ်တယ်။

ပုဂ္ဂိုလ်ရေးရည်မှန်းချက်နဲ့ စစ်ထဲဝင်တဲ့ရန်သူမှာ လွတ်လပ်မှုမရှိဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ဦးဆောင်ဦးရွက်ပြုခွင့်မရှိဘူး။ ရန်သူဟာ အထက်အမိန့်အတိုင်း ဘယ်မှာအိပ်၊ ဘယ်အချိန်အိပ်၊ ဘယ်အချိန်ထ၊ အားလပ်ချိန်မှာ ဘာလုပ် စသဖြင့် နာခံရတယ်။ ပြောက်ကျားရဲဘော်ကတော့ စစ်ရေးတာဝန် ထမ်းဆောင်ချိန်ကလွဲရင် မိမိကိုယ်ပိုင် ဦးဆောင်ဦးရွက်ပြုမှုနဲ့အတူ လူထုကြားမှာ သွားလာလှုပ်ရှားနိုင်တယ်။

ဒီလိုသွားလာနေထိုင်တာဟာ လူထုနဲ့ ကင်းကွာမနေဘဲ လူထုကြားမှာ တသားတည်းရှိနေဖို့တာဝန်ကို ထမ်းရွက်တာလည်း ဖြစ်တယ်။ လူထုထောက်ခံမှုကို ရယူတည်ဆောက်ရေးဟာ ရန်သူကို မျှားနိုင်သမျှမျှားမျှားသုတ် သင်ရေးနဲ့ ထပ်တူထပ်မျှ အရေးကြီးတယ်။ လူထုထောက်ခံမှုနဲ့ တော်လှန်စစ်၊ လွတ်မြောက်ရေးစစ်ကို သယ်ဆောင်နိုင်မှာဖြစ်သလို အနာဂတ်ပြည်သစ်ကိုလည်း ထူထောင်နိုင်မှာ ဖြစ်တယ်။ ရန်သူနဲ့ တော်လှန်ရေးအဖွဲ့အစည်းကြားမှာ ကာကွယ်ထောက်ပံ့ရေး တံတိုင်းတွေ အထပ်ထပ် ကာရံထားဖို့လိုတယ်။ လူထုရဲ့ တက်ကြွတဲ့ ထောက်ခံမှု၊ သွယ်ဝိုက်ထောက်ခံမှုတွေရှိရမယ်။ စစ်ဆင်ရေးလုပ်ရပ်တွေ၊ ပညာပေးအစီအစဉ်တွေနဲ့ လမ်းစဉ်ပေါ်လစီတွေကတဆင့် သွယ်ဝိုက်ပြီး အားပေးထောက်ခံသူကို တက်ကြွတဲ့ ထောက်ခံသူဖြစ်လာအောင် စည်းရုံးနိုင်ရမယ်။ အဖွဲ့အစည်းရဲ့ သတင်းစာစောင် ရောင်းပေးသူ၊ ဖြန့်ချိပေးသူ၊ လက်နက်ဝှက်ပေးသူ၊ တော်လှန်ရေးအဖွဲ့ဝင်စသဖြင့် ဖြစ်လာအောင် စည်းရုံးပျိုးထောင်ရမယ်။ မိမိနဲ့ အနီးကပ်ဆုံး ကာကွယ်ရေးတံတိုင်းက မိမိလုံခြုံရေး၊ တော်လှန်ရေး လှုပ်ရှားမှု ဌာနခွဲတွေရဲ့ လုံခြုံရေးနဲ့ ရဲဘော်များနေထိုင်ရာ ဘားတိုက်၊ အဆောက်အဦးတွေရဲ့ လုံခြုံရေးဖြစ်တယ်။

ရန်သူ့စီမံအုပ်ချုပ်ရေးယန္တရားကို ဖြိုချပြီးတဲ့အခါ သက်ဆိုင်ရာအုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စည်ပင်လုပ်ငန်း စတာတွေမှာလည်း ရဲဘော်တွေက တာဝန်ယူကြရမယ်။ စစ်ဆင်ရေး အောင်မြင်တဲ့အရပ်ဒေသမှာ နိုင်ငံရေးလုပ်ငန်းနဲ့ လူထုလုပ်ငန်းတွေ ဆက်လက်ထူထောင်ထားရမယ်။ ဒါမှ လူထုထောက်ခံမှု၊ လူသစ်စုဆောင်းရေးနဲ့ တော်လှန်ရေး ဆက်ရှင်သန်ဖို့ အခြေခံဒေသရှိနေမှာဖြစ်တယ်။

● ကြည်မြအောင်

# အရေအတွက်မှသည် အရည်အချင်းသို့ ကူးပြောင်းဖို့လိုနေပြီ

● ဇေယျာအောင် ●



၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းချိန်မှစပြီး ရေတွက်လိုက်ရင် နွေဦးတော်လှန်ရေးလှုပ်ရှားမှုကာလမှာ ရက်ပေါင်း(၈၁)ရက်ခန့် ရှိလာပြီ။ ထိုရက်ပေါင်းများစွာအတွင်း သပိတ်ပေါင်းများစွာ မှောက်ခဲ့ကြသလို လူပေါင်းများစွာလည်း စတေးအသက်ပေးခဲ့ရပြီးပြီ။

သပိတ်အမျိုးအစားများလည်း စုံလင်များပြားလှပါတယ်။ သနပ်ခါး သပိတ်၊ ပန်းသပိတ်၊ ထမီသပိတ်၊ ပြောင်းပြန် သပိတ်၊ ဆိုင်ကယ်သပိတ်၊ ကွန်မန်ဒိုသပိတ် စသဖြင့် . ..။ အရေအတွက်အရ အာဏာဖီဆန်မှုသပိတ်များလှသလို အရေအတွက်အရ အာဏာဖီဆန်သူ CDM ဝန်ထမ်းများလည်း တိုးသထက်တိုးပွားလာနေပါတယ်။ ဆရာဝန်များ၊ နပ်စ့်မများ၊ ကျောင်းဆရာ/မများ၊ လဝကဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများ၊ ထွေအုပ်ဝန်ထမ်းများ၊ သံတမန်များ မှသည် ရဲနှင့် စစ်ဗိုလ်အချို့ထိ CDM လှုပ်ရှားမှုထဲ ပါဝင်လာကြပါပြီ။

လောကနိယာမအရ အရာဝတ္ထုတိုင်း၊ ဖြစ်စဉ်တိုင်းဟာ အရေအတွက်တိုးပွားလာရာမှတဆင့် အရည်အချင်းအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားကြသော သဘောတရားရှိတတ်ကြပါတယ်။ ဥပမာ နေ့စဉ်ရက်ဆက် ကြက်မကြီးတကောင်ဝပ်ပြီး အပူပေးသော ကြက်ဥများမှ အချိန်ကြာလာသောအခါ ကြက်ကလေးများ အကောင်ပေါက်လာသကဲ့သို့ အရည်အချင်းအဆင့်သို့ ကူးပြောင်းလာတတ်ကြပါတယ်။

ကျနော်တို့ ရက်ပေါင်း(၈၀)ကျော် ဆင်နွှဲခဲ့ပြီးဖြစ်သော နွေဦးတော်လှန်ရေးရော ဘယ်အခြေအနေ ဆိုက်မှာပါလဲ။ များပြားတိုးပွားလာသော သပိတ်ပေါင်းစုံအဆင့်ကနေ အရည်အသွေးတရပ်ဖြစ်သော ပြည်လုံးကျွတ်အဆင့် အာဏာဖီဆန်ရေးလုပ်ငန်းစဉ်တရပ်ဆီ ကူးပြောင်းဖို့လိုအပ်နေပါပြီ။ မြို့ရွာအနှံ့တည်ရှိနေသော သပိတ်ကော်မတီပေါင်းစုံအနေဖြင့် အားလုံးချိတ်ဆက်ပေါင်းစည်းပြီး ပြည်လုံးကျွတ်အဆင့် စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးကို ဆောင်ကြဉ်းနိုင်မည့် အဖွဲ့အစည်းတရပ်ကို အကောင်အထည်ဖော်ကြဖို့ အပူတပြင်းလိုအပ်နေပါပြီ။

CRPH ဆိုသည့် လွှတ်တော်ကိုယ်စားပြုကော်မတီမှသည် အမျိုးသားညီညွတ်ရေးအစိုးရအဆင့်ထိ တက်လှမ်းလာနိုင်သည်မှာလည်း အရေအတွက်မှ အရည်အသွေးအဆင့်ထိ တစုံတရာ ကူးပြောင်းမှုရှိသည်ဟု သုံးသပ်ရပါလိမ့်မည်။ သို့သော် တော်လှန်ရေးတရပ်တွင် အစိုးရတဖွဲ့တည်း ရုန်းကန်ရုံလောက်ဖြင့် အပြီးသတ်ပန်းတိုင်မရောက်နိုင်သေးပါ။ ထိုအစိုးရနှင့်အတူ ပြည်သူအားလုံးတပြိုင်တည်းရုန်းဖို့ လိုအပ်နေပါတယ်။

ဟိုးအရင်က ဒေါက်တာစိန်ဝင်းတို့ အမျိုးသားညွှန့်ပေါင်းအစိုးရရှိခဲ့ပါသော်လည်း အခြေအနေနှင့်အချက်အလက်များ မပြည့်စုံသဖြင့် တော်လှန်ရေးအဆင့်ကူးပြောင်းမှု အားမကောင်းခဲ့တာကို ကျနော်တို့ သင်ခန်းစာယူရပါလိမ့်မယ်။


ဒီတခါတော့ ပြည်သူလူထုကြားက သပိတ်သမား၊ တော်လှန်ရေးသမားတွေ အားလုံးကို ပြည်လုံးကျွတ်အဆင့် စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး အင်အားစုကြီးတရပ်အောက်မှာ အကုန်စုစည်း၍ “သပိတ်စုံသူပုန်ထ”ဆိုသလို အရေအတွက်ဖြစ်သော သပိတ်များမှ အရည်အသွေးဖြစ်သော “သူပုန်ထ တနည်း စစ်အာဏာရှင်ကို ပုန်ကန်ထကြွသော တပ်ဦးတခု”အဖြစ် ပြောင်းလဲနိုင်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

● ဇေယျာအောင်



# စစ်အာဏာရှင် ခရိုနီများကို ဖြိုလှဲကြ

● သွေးမြတ် ●



လူ့ဂုဏ်သိက္ခာကိုလေးစားသော လူ့အဖွဲ့အစည်း၊ တန်းတူညီမျှပြီး တရားမျှတသော လူ့အဖွဲ့ အစည်း၊ ငြိမ်း ချမ်းသောလူ့အဖွဲ့အစည်းကို လိုလားသောကြောင့် ကျနော်တို့ စစ်အာဏာရှင်စနစ်ကို မြေလှန်ဖြိုဖျက်ပစ်ရန် တိုက်ပွဲဝင်ခဲ့ကြသည်။

စစ်အာဏာရှင်စနစ်သည် လူ့ဂုဏ်သိက္ခာများကိုချိုးဖဲ့ပြီး မတရားသဖြင့် အနိုင်ကျင့် နှိပ်စက်အုပ်ချုပ်သည်။ အာဏာတည်မြဲရေးအတွက် ပိတ်ပင်တားဆီးမှုများပြုလုပ်၍ အနာဂတ်မျိုးဆက်သစ်တို့၏ ဘဝတက်လမ်းများစွာကို အမှောင်လွှမ်းသွားစေသည်။ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးကို ထိပါးနှောက်ယှက်ပြီး လူထုတရပ်လုံး အိပ်ကောင်းခြင်းမအိပ်ရ၊ ကျီးလန့်စာ စားနေရသောဘဝသို့ ကျရောက်ခဲ့ကြရသည်။ သို့ဖြစ်၍ ကျနော်တို့ တိုင်းရင်းသားပေါင်းစုံ လူထုအနေဖြင့် စစ်အာဏာရှင်စနစ်ကို မဖြစ်မနေ တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်သည် ဟုနားလည်ပြီး နွေဦးတော်လှန်ရေးကို စခဲ့ကြသည်။

ဆောင်းပါး

တော်လှန်ရေးတခုဆင်နွှဲရာတွင် ရည်မှန်းချက်ပန်းတိုင်ရှိသည်။ ယနေ့ နွေဦးတော်လှန်ရေး၏ ရည်မှန်းချက်ပန်းတိုင်သည် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်း ဖျက်သိမ်းပစ်ပြီး ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရေးဖြစ်သည်။ တိုက်ပွဲသဏ္ဌာန်နှင့် တည်ဆောက်မှုပုံစံသည် ယှဉ်တွဲနေပေသည်။

တည်ရှိနေသော ရန်သူ၏ယန္တရားကိုဖြိုဖျက်ရန် တိုက်ပွဲဝင်ရာတွင် စစ်အာဏာရှင်၏ တည်ဆောက်ထားသော အဆောက်အအုံနှင့် ဒေါက်တိုင်များကိုလည်း တိုက်ခိုက်ဖျက်ဆီးပစ်ရမည်ဖြစ်သည်။ စစ်အာဏာရှင်တည်ဆောက်ထားသော ခရိုနီအရင်းရှင်စနစ်ကို အမြစ်ကစ လှန်သင့်ပေသည်။ ခရိုနီအရင်းရှင်စနစ်သည် စစ်အာဏာရှင် သက်ဆိုးရှည်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသည်။ စစ်အာဏာရှင်ကိုယ်တိုင်ပင် ခရိုနီဖြစ်ပေသည်။ စစ်အာဏာရှင်က သူ၏မျိုးနွယ်ဆက်များကို ခရိုနီများဖြစ်အောင် ပြုလုပ်ထားကြသည်။ တိုင်းပြည်တွင်းရှိခရိုနီများကို လေ့လာကြည့်လျှင် စစ်အာဏာရှင်နှင့် စစ်အာဏာရှင်ဟောင်းများ၏ အမျိုးအဆွေများဖြစ်နေသည်ကို တွေ့ရှိရသည်။ ၎င်းတို့အချင်းချင်း အပြန်အလှန်ထောက်ပံ့မှုဖြင့် အုပ်ချုပ်ရေးယန္တရားကိုလည်းပတ်စေကာ အကျိုးစီးပွားကို နှိုက်ထုတ်နေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ စစ်အာဏာရှင်ခရိုနီများနှင့် ၎င်းကမွေးမြူထားသောခရိုနီများ၏ အကျိုးစီးပွားများ ထိခိုက်ပျက်စီးအောင် တိုက်ခိုက်မှုများပြုလုပ်ကြရမည်ဖြစ်သည်။ ပိုင်ဆိုင်မှုများကို ဖျက်ဆီးပစ်ခြင်း၊ လူထုဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် စစ်အာဏာရှင်ကို တိုက်ခိုက်ခြင်းဖြစ်သလို စစ်အာဏာရှင်၏ဒေါက်တိုက်များကိုလည်း ဖြိုလှဲခြင်းလည်းဖြစ်သည်။ စီးပွားရေးပြိုလဲလျှင် လက်နက်အားကိုးဖြင့် ပြည်သူကိုနှိပ်စက်ညှင်းပန်းနေသော စစ်အာဏာရှင်များအနေဖြင့် ယန္တရားလည်ပတ်အောင် ငွေကြေးသုံးစွဲနိုင်တော့မည်မဟုတ်။ စစ်အာဏာရှင်အတွက် လက်နက်များအတွက်လည်းကောင်း၊ လောင်စာဆီအတွက်လည်းကောင်း၊ သူ့ကိုကာကွယ်ပေးနေသူများအတွက် လစာ ရိက္ခာများအတွက်လည်းကောင်း ငွေကြေးပြည့်စုံမှုမရှိက လူထုကို ရေရှည် အနိုင်ကျင့်အုပ်ချုပ်နိုင်မည်မဟုတ်ပေ။

ကျနော်တို့ လမ်းမများပေါ် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ လူထု၏ဆန္ဒပြပွဲများကို ပစ်ခတ်နှိမ်နင်းသောလူသတ်နည်းဖြင့် ရက်စက်စွာ ဖြိုခွဲခဲ့ကြသည်။ ကျနော်တို့လူထုသွေး ပေတရာလမ်းများပေါ်မှာ နီစွေးခဲ့ကြရသည်။ စစ်အာဏာရှင်ကို ဆန္ဒပြသည့်နည်းဖြင့်မရလျှင် ရသည့်နည်းဖြင့် နိုင်အောင်တိုက်ပေးရမည်။ လူထုတွင်လက်နက်မရှိသော်လည်း စည်းလုံးညီညွတ်မှုအားနှင့် ပေါင်းစုထားသော စဉ်းစားဉာဏ်များက စစ်အာဏာရှင်ထက် သာလွန်သည်။ CDM နည်းဖြင့်တိုက်ခိုက်နေသလို၊ မြို့ပေါ်ပြောက်ကျားနည်းဖြင့်လည်း တိုက်ခိုက်ကြဖို့လိုပြီဖြစ်သည်။ သတင်းအချက်အလက်များ ခိုင်မာအောင်စုစည်းပြီး ရန်သူ၏အားနည်းချက်ကို အမိအရ ထိုးနှက်တိုက်ခိုက်ကြရမည်။ မိမိလုံခြုံ၍ ရန်သူပြိုလဲစေမည့်နည်းနာများကို အသုံးပြုပြီး လျှပ်တပြက်တိုက်ခိုက်မှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။

ရန်သူကို တိုက်ရိုက်မတိုက်ခိုက်နိုင်သေးလျှင် ရန်သူ၏ဒေါက်တိုင်များကို တိုက်ခိုက်ရပေမည်။ ရန်သူပြိုလဲဖို့အတွက် နည်းလမ်းပေါင်းစုံသုံးပြီး တိုက်ခိုက်ကြရမည်ဖြစ်သည်။ စစ်တပ်၏ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ဦးပိုင်ကုမ္ပဏီလက်အောက်ခံကုမ္ပဏီများကို ရှာဖွေဖော်ထုတ်ပြီး အထိရောက်ဆုံးနည်းဖြင့် တိုက်ခိုက်ကြပါစို့။

အရေးတော်ပုံ အောင်ရမည်။

● သွေးမြတ်
၁၇၊ ၄၊ ၂၀၂၁

# စစ်ရေးစစ်ရာ မှတ်စုများ
## အပိုင်း (၄)

● ဘိုးဒေါင်း ●



ဒီတပတ်တော့ အချိန်လုပြီး ရေးရတာမို့ သည်းခံဖတ်ကြပါ။

အရင်တပတ်က ပြောခဲ့တဲ့အထဲမှာ ထောက်ပံ့ပို့ဆောင်ရေး အကြောင်းပြောခဲ့တယ်။

ဆောင်းပါး

စစ်ပွဲတပွဲမှာ အလွန်အရေးပါတဲ့အကြောင်း ခြင်းရာဖြစ်တယ်။ ဒီအကြောင်းမပြောမီ လက်ရှိမြန်မာပြည် အခြေနေအရစစ်ရေးစစ်ရာအကြောင်းကိုပဲ အခြေခံပြီးပြောမှုဖြစ်မယ်။

မြို့ပြလှုပ်ရှားမှုနဲ့ လက်နက်ကိုင်တော်လှန်ရေး ပေါင်းစပ်လုပ်ဆောင်ရသလို စစ်ရေးလှုပ်ရှားရာမှာ ခံစစ်ပဲဖြစ်ဖြစ် ထိုးစစ်ပဲဖြစ်ဖြစ် ပြောက်ကျားလှုပ်ရှားမှုနဲ့ တိုက်ခိုက်ရေးစစ်ဆင်မှုတို့ ပေါင်းစပ်ပေးကြရမှာဖြစ်တယ်။

စစ်ဆင်ရေးတခုလုပ်မယ်ဆိုရင် ရန်သူနယ်မြေမှာရှိနေတဲ့ ဒေသခံပြောက်ကျားအဖွဲ့နဲ့ ပေါင်းစည်း ညှိနှိုင်းလုပ်ဆောင်သင့်တယ်။ ဒုတိယကမ္ဘာစစ်က မြန်မာ့မြေထိုးစစ်မှာ ဝင်းဂိတ်ရဲ့'ခရီးဝေးထိုးစစ် စစ်ဆင်ရေးမဟာဗျူဟာ'လိုပဲ ရန်သူနယ်မြေအတွင်း ဝင်ရောက်ထိုးဖောက်နိုင်ဖို့က ဒေသခံပြောက်ကျားအဖွဲ့ လိုအပ်တယ်။ ဝင်းဂိတ်ရဲ့ ထိုးဖောက်စစ်ဆင်ရေးဟာ မြန်မာပြည်သိမ်းပွဲအတွက် ကြီးစွာသောအထောက်အကူဖြစ်ခဲ့တာကို မမေ့လေနဲ့။ ထိုးဖောက်စစ်ဆင်ရေးဟာ ရန်သူတပ်ကို ကဆင့်ကလျားဖြစ်ပြီး ထိတ်လန့်အောင်စွမ်းဆောင်နိုင်ခဲ့တယ်။

ကိုယ်တိုက်ရမယ့်ရန်သူဟာ လူကြီးလူကောင်းဆန်တဲ့ ရန်သူမဟုတ်ဘူး။ ဟစ်တလာထက် ယုတ်မာကောက်ကျစ်ပက်စက်တဲ့ စစ်ခွေးပြတွေဖြစ်တယ်ဆိုတာ မမေ့နဲ့။ သူတို့ကျူးလွန်ခဲ့တဲ့အပြစ်တွေက သေဒဏ်ကလွဲပြီး တခြားပြစ်ဒဏ်မရှိဘူးလို့ သိထားမှုဖြစ်မယ်။ သတိနဲ့ အမြဲနိုးကြားနေရမယ်။

ရန်သူနယ်မြေထဲ ဝင်ရောက်ထိုးဖောက်တိုက်ခိုက်မယ့် ပြောက်ကျားအနေနဲ့ ရန်သူရဲ့ ကျောထောက်နောက်ခံ ရိက္ခာနဲ့ ပစ္စည်းထောက်ပံ့ရေးလမ်းကြောင်းတွေကို ဖြတ်တောက်ပစ်ကြရမယ်။ ရန်သူတပ်ရဲ့ နောက်ကြောင်း အဆက်အသွယ်တွေကို ဖြတ်တောက်ပစ်ရမယ်။ သတင်းအဆက်အသွယ်ကအစပေါ့။ ရိက္ခာဂိုဒေါင်တွေ စစ်ပစ္စည်း ဂိုဒေါင်တွေအထိ တိုက်ခိုက် ဖျက်စီးပစ်ကြရမယ်။ ဒါကြောင့် ပြောက်ကျားတယောက်ဟာ ဖောက်ခွဲရေးနည်းဗျူဟာနဲ့ ဖောက်ခွဲရေးနည်းပညာတွေကိုလည်း သင်ယူတတ်မြောက် ကျွမ်းကျင်ဖို့လိုတယ်။

တိုက်ခိုက်စစ်ဆင်မယ့်နေရာအရပ်ဒေသဟာ (၁)ဘယ်လိုစစ်မြေပြင်ဖြစ်သလဲ။ (၂) ဘယ်အချိန်တိုက်ခိုက်မလဲ။ (၃)ဘယ်လိုပုံသဏ္ဍာန်နဲ့တိုက်ခိုက်မလဲ။ (၄) ရန်သူအင်အားအခြေအနေ(လက်နက်အင်အားနဲ့ရန်သူအသုံးပြုနိုင်တဲ့ လက်နက်ကြီးကအစပေါ့)။ (၅) ကိုယ်က ဘယ်ရည်ရွယ်ချက်အတွက် စစ်ထိုးမှာလဲ (ရန်သူတပ်ကဆင့်ကလျားဖြစ်အောင်လား။ ရိက္ခာဖြတ်တောက်ဖို့လား။ စစ်ကူမလာနိုင်အောင်လား။ ချေမှုန်းဖို့အထိလား) ဆိုတဲ့ရည်ရွယ်ရင်း ခိုင်မာပါစေ။ စတဲ့ အချက်တွေကို သေသေချာချာစဉ်းစားပြီး ပြင်ဆင်ကြရမယ်။

လူ၊ လက်နက်ခဲယမ်းမီးကျောက် ရိက္ခာထောက်ပံ့ရေး ပစ္စည်းတွေကိုသာ ဖြတ်တောက်နိုင်ပြီဆိုရင် ရန်သူကို အလွယ်တကူအနိုင်ရမယ်ဆိုတာ အမြဲသတိပြုပါ။ လောင်စာဆီမလုံလောက်မှု၊ ရိက္ခာပြတ်တောက်မှုကြောင့် ဒုတိယကမ္ဘာစစ်မှာ အတော်ဆုံးစစ်သူကြီး ရွှန်းမဲလ် စစ်ရှုံးခဲ့သလို ဂျပန်တပ်လည်း မြန်မာ့စစ်မြေပြင်မှာ လက်နက်ချခဲ့ကြရတာကို အစဉ်သတိပြုနိုင်ပြီး တိုက်ပွဲနိုင်စစ်သူကြီးများဖြစ်ကြပါစေ။

(နောက်တပတ်ဆက်မယ်နော်)။

● ဘိုးဒေါင်း





# ပြည်တွင်း သတင်းအတိုအထွာ

- မုံရွာသပိတ်ခေါင်းဆောင် ကိုဝေမိုးနိုင်ကို စကစမှ ကားဖြင့်တိုက်ဖမ်းဆီး။ (၁၅.၄.၂၀၂၁)
- လူမျိုးစုများနှင့် လူငယ်များပါဝင်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်း (ဦးဝင်းမြင့်-နိုင်ငံတော် သမ္မတ၊ ဒေါ်အောင်ဆန်းစုကြည်-နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒူဝါလရှီးလ-နိုင်ငံတော်ဒုသမ္မတ၊ မန်းဝင်းခိုင်သန်း-ပြည်ထောင်စုဝန်ကြီးချုပ်)။ (၁၆.၄.၂၀၂၁)
- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)ကိုဖွဲ့မည်။ (၁၆.၄.၂၀၂၁)
- AA ကို CRPH ဂရုတစိုက်ကမ်းလှမ်းခဲ့ကြောင်း AA ဦးစီးချုပ်ပြော။ (၁၆.၄.၂၀၂၁)
- ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင် ၃ ဦးအပါအဝင် အကျဉ်းသား ၂၀၀၀၀ ကျော်လွတ်။ (၁၆.၄.၂၀၂၁)
- လူငယ်များစုစည်းပြီး ရောဝတီဖက်ဒရယ်အာမီ(AFA)ဖွဲ့စည်း။ (၁၆.၄.၂၀၂၁)
- NUG ၏ပထမဆုံးအကြိမ်အစည်းအဝေးပြုလုပ်။ (၁၇.၄.၂၀၂၁)
- စစ်အာဏာသိမ်းကာလတွင် ၁ ရက်ကို ၁၀ ယောက်နှုန်းပစ်သတ်ခံနေရဟု AAPP ပြော။ (၁၈.၄.၂၀၂၁)
- NUG ကို တိုင်းရင်းသားအဖွဲ့အစည်းများ ထောက်ခံကြိုဆို။ (၁၈.၄.၂၀၂၁)
- အာဏာသိမ်းမှုကြောင့် အထည်ချုပ်လုပ်သား ၂ သိန်းခန့်အလုပ်အကိုင်ဆုံးရှုံး။ (၁၉.၄.၂၀၂၁)
- မြန်မာနွယ်ဖွား ဒေါ်မီမီအောင် ဦးဆောင်သော နာဆာရဟတ်ယာဉ် အင်္ဂါဂြိုလ်မှာပျံသန်း၊ အခြားဂြိုလ်မှာ ပထမဆုံးအကြိမ်ပျံသန်းနိုင်မှုအဖြစ်သမိုင်းဝင်ခဲ့။ (၁၉.၄.၂၀၂၁)
- တပ်မ ၉၉ မှ ဗိုလ်မှူးတဦး CDM မှာပါဝင်လာ။ (၂၀.၄.၂၀၂၁)
- NUG နဲ့ ထိတွေ့ဆက်ဆံမှုရှိနေပြီလို EU ပြော။ (၂၁.၄.၂၀၂၁)
- NUG ရဲ့ရပ်တည်မှုကို ကြိုဆိုတယ်လို UK ဝန်ကြီးပြော။ (၂၁.၄.၂၀၂၁)
- ASEAN ဆွေးနွေးပွဲရလဒ်ကို လုံခြုံရေးကောင်စီကစောင့်နေကြောင်း ကုလဆိုင်ရာ ကန်သံအမတ်ပြော။ (၂၁.၄.၂၀၂၁)
- ဧပြီ ၂၄ ရက်တွင် ပြုလုပ်မည့် မြန်မာ့အရေး အာဆီယံအရေးပေါ်ညီလာခံ စကစမှ မအလကိုယ်တိုင် တက်မည်။ (၂၁.၄.၂၀၂၁)
- တပ်ပျက်နေပြီဖြစ်ပြီး တပ်တွင်းပုန်ကန်မှုဖြစ်ဖို့ NUG ပေါ်မူတည်ဟု CDM ဗိုလ်မှူးပြော။ (၂၁.၄.၂၀၂၁)
- အကြမ်းဖက်မှုကြောင့် လူပေါင်းနှစ်သိန်းခန့် အိုးအိမ်စွန့်ခွာပြေးနေရကြောင်း ကုလသံတမန်ပြော။ (၂၁.၄.၂၀၂၁)

ဧပြီ ၂၁ ရက်နေ့ထိ ကျဆုံးသူ-၇၃၉၊ ဖမ်းဆီးခံရသူ-၃၃၃၁ ဦး၊
ဝရမ်းထုတ်ခံရသူ-၁၀၅၉ ဦး AAPP မှထုတ်ပြန်။



# တပတ်အတွင်း သာရေးသတင်းများ

- ■ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်တွင် တိုက်ပွဲတွေပြင်းထန်နေပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၃၀ ကျော် မိုင်းနင်းမိ၍ သေဆုံးခဲ့ကာ ၁၈ ယောက်ကို KIA က အရှင်ဖမ်းမိထား။ (၁၅.၄.၂၀၂၁)
- ■ ရှမ်းနီအမျိုးသားများ တပ်မတော်(SNA) နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားကာ စစ်ကောင်စီဘက်မှ (၇) ယောက် အဖမ်းခံခဲ့ရ။ (၁၅.၄.၂၀၂၁)
- ■ သုံးခွရဲစခန်းတွင် ဒုရဲအုပ်မှ တပ်ကြပ်အား သေနတ်ဖြင့်ပစ်ခတ်၊ တပ်ကြပ်သေဆုံး။ (၁၆.၄.၂၀၂၁)
- ■ စစ်ကောင်စီလက်နက်ကိုင်များ ဆွမ်ပရာဘွမ်လမ်းတွင် တိုက်ခိုက်ခံရပြီး ၅ ဦးသေဆုံး။ (၁၆.၄.၂၀၂၁)
- ■ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့အဝင်၌ရှိသော ရဲကင်းစခန်းတခု မီးလောင်ကျွမ်းခဲ့။ (၁၆.၄.၂၀၂၁)
- ■ မန်တုံမြို့နယ်တွင် KIA နှင့် စကစ တိုက်ပွဲဖြစ်၊ စကစဗိုလ် ၂ ဦးသေဆုံး။ (၁၆.၄.၂၀၂၁)
- ■ ဖားကန့်တွင် စစ်ကောင်စီလက်နက်ကိုင်ယာဉ်တန်းအား ထပ်မံ၍ မိုင်းခွဲခံရပြီး ၃ ဦးသေဆုံး။ (၁၇.၄.၂၀၂၁)
- ■ ရန်ကင်းထွေအုပ်ရုံးပေါက်ကွဲမှုဖြစ်၊ စကစ ၁ ဦးသေဆုံး ၊ ၃ ဦးဒဏ်ရာပြင်းထန်။ (၁၇.၄.၂၀၂၁)
- ■ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လေတပ်စခန်းအား လက်နက်ကြီးဖြင့် အပစ်ခံရပြီး လက်နက်ကြီးကျည် ၂ လုံး ကျရောက်ပေါက်ကွဲ။ (၁၇.၄.၂၀၂၁)
- ■ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ချီဗွေ–ကန်ပိုက်တီးလမ်းခွဲ၌ တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီ အဖွဲ့၏စုပေါင်းဂိတ် ၁ ခုကို ကေအိုင်အေမှ တိုက်ခိုက်သိမ်းပိုက်။ (၁၇.၄.၂၀၂၁)
- ■ ဖားကန့်ဒေသရှိ အကြမ်းဖက်စစ်ကောင်စီတပ်စခန်း ၂ ခုအား ကေအိုင်အေ သိမ်းပိုက်။ (၁၈.၄.၂၀၂၁)
- ■ တနိုင်းမြို့နယ်၊ ဟူးကောင်းလွင်ပြင်ဒေသရှိ နမ့်ဗျူ–နမ့်ခမ်ရွာဘက်၌ အခြေစိုက်ထားသော အာဏာသိမ်း စစ်ကောင်စီတပ်စခန်းငယ် ၂ ခုကို KIA သိမ်းပိုက်နိုင်ခဲ့။ (၁၈.၄.၂၀၂၁)
- ■ ဝိုင်းမော်မြို့နယ်ရှိ အာဏာသိမ်းစစ်ကောင်စီ၏ ခမရ ၃၇၉ တပ်စခန်းကို KIA သိမ်းပိုက်နိုင်ခဲ့။ (၁၉.၄.၂၀၂၁)
- ■ ကချင်ပြည်နယ် ရွှေကူမြို့ ထွေအုပ်ရုံးဝင်းထဲ၌ လက်နက်ကြီးပေါက်ကွဲမှုဖြစ်ပွား။ (၂၂.၄.၂၀၂၁)

လက်ရှိအချိန်ထိ စစ်ဆေးထားသော သတင်းအချက်အလက်များအရ
တိုက်ပွဲပေါင်းစုံတွင် စစ်ကောင်စီဘက်မှ (၂၀၀) ဦးသေဆုံးကာ (၂၅) ယောက်ကျော်
ဒဏ်ရာရပြီး (၃၁) သုံ့ပန်းအဖြစ် ဖမ်းဆီးခံထားရပါတယ်။

ယခု "သာရေးသတင်းများ"သည် မိုလိုတော့ဗ်စာစဥ်မှ
လက်လှမ်းမီသလောက်စုစည်းထားသော တပတ်အတွင်း သတင်းများသာဖြစ်ပါသည်။
၎င်းအထဲတွင် စစ်တပ်ပိုင်အဆောက်အအုံများနှင့် ကားများ၊ ရပ်ကွက်ထွေအုပ်ရုံးများ
ဗုံးပေါက်ကွဲမှုသတင်းများနှင့် မီးလောင်ကျွမ်းမှုသတင်းများကို
စာမျက်နှာအခက်အခဲကြောင့် မဖော်ပြနိုင်ခဲ့ပါ။
နောက်တပတ်တွင် သာရေးသတင်းများကို စာမျက်နှာတိုး၍
ဝေဝေဆာဆာဖော်ပြနိုင်ရန် ပြည်သူများက သာရေးသတင်းများတိုးပွားဖို့
ကိုယ်တိုင်ဖန်တီး၍ တိုက်ပွဲဝင်ပေးကြပါရန် မိုလိုတော့ဗ်မှ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။